ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၃၉ နှင့် ၁၈၄ တို့အရ ဘဏ်များလိုက်နာဆောင်ရွက်ရန်အတွက် အောက်ပါစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

၁။ ဤစည်းမျဉ်းကို ရရန်ပိုင်ခွင့်များ အမျိုးအစားသတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာ စည်းမျဉ်းဟု ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းသည် ဘဏ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ ဤစည်းမျဉ်းတွင်ပါရှိသော စကားရပ်များသည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ တွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ချေးငွေ** ဆိုသည်မှာ သတ်မှတ်ကာလတစ်ခုအတွင်း ပြန်လည်ပေးဆပ်ရန် စည်းကမ်းချက်ဖြင့် ဘဏ်ကထုတ်ချေးထားသည့် ကြွေးမြီကိုဆိုသည်။ **ကြိုတင်ထုတ်ချေးငွေ** ဆိုသည်မှာ ဘဏ်မှ ကြိုတင်ထုတ်ယူငွေဖြစ်ပြီး တစ်နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည့် ချေးငွေဖြစ်သည်။ ချေးငွေနှင့် ကြိုတင်ထုတ်ချေးငွေတွင် ချေးငွေ၊ လျှော့နှုန်းဖြင့် ချေးငွေ၊ ကြိုတင်ထုတ်ချေးငွေ၊ စာရင်းပိုထုတ်ချေးငွေ၊ ဝယ်ယူထားသည့် ပို့ကုန်ငွေတောင်းခံလွှာများ၊ အခြားရရန်ရှိ သို့မဟုတ် ဝယ်ယူထားသည့် ငွေတောင်းခံလွှာများ၊ သွင်းကုန်ငွေတောင်းခံလွှာများ၊ ဆက်သွယ်ဆောင်ရွက်သူ၏ ကာလဆိုင်း ငွေလွှဲလက်မှတ် သို့မဟုတ် အခြားချေးငွေတစ်ရပ်ရပ်အတွက် ပေးရန်တာဝန်နှင့် လက်ကျန်ရှင်းတမ်းတွင် မပါရှိသော (off-balance sheet) ရရန်ပိုင်ခွင့်အမျိုးအစားများ ပါဝင်သည်၊

(ခ) **အခြားရရန်ပိုင်ခွင့်များ** ဆိုသည်မှာ ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများမှအပ အခြားရရန်ပိုင်ခွင့်များဖြစ်ပြီး ရရန်ရှိငွေများ(receivable)၊ ရင်းနှီးမြှုပ်နှံမှုများ၊ ရရန်ရှိအတိုးများနှင့် အခြားရရန်ပိုင်ခွင့်တစ်ရပ်ရပ်တို့ ပါဝင်သည်၊

(ဂ) **ပျက်ကွက်သည့်ရက်** ဆိုသည်မှာ အရင်းနှင့်အတိုး ပြန်လည်ပေးဆပ်ရန် သို့မဟုတ် အတိုးပေးဆပ်ရန်အတွက် သတ်မှတ်ထားသည့် နေ့ရက်အား ကျော်လွန်သည့် ရက်အရေအတွက်ကို ဆိုသည်၊

(ဃ) **အရင်းနှင့်အတိုး ပေးဆပ်ရန်ပျက်ကွက်သော ချေးငွေ သို့မဟုတ် ကြိုတင်ထုတ်ချေးငွေ** ဆိုသည်မှာ ဝင်ငွေရလမ်းမရှိတော့သည့် ရရန်မသေချာသောနှင့် ရလမ်းမရှိသော ချေးငွေ သို့မဟုတ် ကြိုတင်ထုတ်ချေးငွေကိုဆိုသည်၊

(င) **ချေးငွေ သို့မဟုတ် ကြိုတင်ထုတ်ချေးငွေ ပြန်လည်ပေးဆပ်ရန်ကာလ တိုးမြှင့်ပြင်ဆင်ခွင့်ပြုခြင်း** ဆိုသည်မှာ ချေးငွေပြန်လည်ပေးဆပ်နိုင်ရန် ရည်ရွယ်၍ ချေးငွေ သို့မဟုတ် ကြိုတင်ထုတ်ချေးငွေ၏ ပြန်လည်ပေးဆပ်ရန်ကာလ ပြင်ဆင်ခြင်းကိုဆိုသည်။

၄။ ဘဏ်သည် ချေးငွေများ၊ ကြိုတင်ထုတ်ချေးငွေများနှင့် လက်ကျန်ရှင်းတမ်းနှင့် လက်ကျန်ရှင်းတမ်းပြင်ပရှိ အခြားရရန်ပိုင်ခွင့်များတွင် ဆုံးရှုံးမှုဖြစ်ပေါ်သည့်အခါတိုင်း အဆိုပါဆုံးရှုံးမှုအတွက် လုံလောက်သော လျာထားချက်များ ပြုလုပ်ထားရမည်။ ယင်းသို့လျာထားရာတွင် ပျက်ကွက်မှုဖြစ်ပေါ်သည့်အပိုင်းကိုသာ လျာထားရန်မဟုတ်ဘဲ ချေးငွေနှင့် ကြိုတင်ထုတ်ချေးငွေ လက်ကျန်အားလုံး၏ အတိုး၊ အရင်း နှစ်ရပ်စလုံးပေါ်တွင် လျာထားရမည်။

**ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများ အမျိုးအစားသတ်မှတ်ခြင်းနှင့် သီးခြားလျာထားခြင်း**

၅။ ဘဏ်သည် ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများ အမျိုးအစားသတ်မှတ်ခြင်းနှင့် သီးခြားလျာထားခြင်းကို အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည်-

| **စဉ်** | **ချေးငွေအမျိုးအစားများ** | **ပျက်ကွက်သည့်ရက်** | **အာမခံတန်ဖိုး လျော့နည်းမှုပေါ်တွင် လျာထားခြင်း** |
|---|---|---|---|
| (က) | စံပြည့်သောချေးငွေများ | ရက် ၃၀ အထိ | ၀% |
| (ခ) | စောင့်ကြည့်ရန်လိုသောချေးငွေ | ၃၁ ရက်မှ ရက် ၆၀ အထိ | ၅ % |
| (ဂ) | စံမပြည့်သောချေးငွေ | ၆၁ ရက်မှ ရက် ၉၀ အထိ | ၂၅ % |
| (ဃ) | ရရန်မသေချာသောချေးငွေ | ၉၁ ရက်မှ ရက် ၁၈၀ အထိ | ၅၀ % |
| (င) | ရလမ်းမရှိသောချေးငွေ | ရက်ပေါင်း ၁၈၀ နောက်ပိုင်း | ၁၀၀ % |

၆။ စည်းမျဉ်းအပိုဒ် ၅ ပါ ကိစ္စရပ်များအတွက် ချေးငွေများနှင့် အခြားရရန်ပိုင်ခွင့်များအပေါ် အာမခံပစ္စည်းတန်ဖိုးသတ်မှတ်ခြင်းနှင့် လျာထားခြင်းကို **နောက်ဆက်တွဲ** တွင်ဖော်ပြထားသည့် အတိုင်း ဆောင်ရွက်ရမည်။

**သီးခြားလျာထားခြင်း**

၇။ အပိုဒ် ၂၀ တွင် ခွင့်ပြုထားသည်မှအပ သီးခြားလျာထားခြင်းကို ဘဏ်၏ငွေစာရင်းတွင် မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး ဆုံးရှုံးမှုဖြစ်သည့်လ၏ အရှုံးအမြတ်စာရင်း၌ကျခံ၍ နောင်လာမည့် ကာလများသို့ ယူဆောင်ကျခံခြင်းမပြုရ။

**ချေးငွေဆုံးရှုံးနိုင်ခြေအတွက် အထွေထွေလျာထားခြင်း**

၈။ ဘဏ်များသည် ချေးငွေဆုံးရှုံးနိုင်ခြေအတွက် အထွေထွေလျာထားခြင်းကို ချေးငွေနှင့် ကြိုတင်ထုတ်ချေးငွေ စုစုပေါင်းလက်ကျန်၏ ၂% ထားရှိရမည်။

**အတိုးဆိုင်ရာကိစ္စ**

၉။ ချေးငွေ သို့မဟုတ် ကြိုတင်ထုတ်ချေးငွေတစ်ရပ်အား ရရန်မသေချာသော ချေးငွေအဖြစ် သတ်မှတ်လိုက်သည့်ရက်မှစ၍ ကောက်ခံမရရှိသေးသော ရရန်ရှိအတိုးအားလုံးကို အတိုးဝင်ငွေ အဖြစ် စာရင်းရေးသွင်းခြင်းကို ဆိုင်းငံ့ထားရမည်။ ထို့အပြင် စေ့ရောက်ပြီး၍စာရင်းရေးသွင်းထား သော အတိုးများကိုလည်း ပြန်လည်ဖယ်ထုတ်ရမည်။

၁၀။ ရရန်မသေချာသော သို့မဟုတ် ရလမ်းမရှိသောချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများ အပေါ် အတိုးအား ဘဏ်ကကောက်ခံရရှိပြီးမှသာ ဝင်ငွေအဖြစ် သတ်မှတ်ရမည်။

**စာရင်းပိုထုတ်ချေးငွေဆိုင်ရာကိစ္စ**

၁၁။ ဘဏ်၏စာရင်းရှိ စာရင်းပိုထုတ်ချေးငွေများအား တစ်ဆက်တည်းဖြစ်သော ရက်သတ္တ နှစ်ပတ်အတွင်း စာရင်းရှင်းလင်းပြီး/အပြည့်အဝ ပြန်လည်ပေးဆပ်ခြင်းကို နှစ်စဉ် ဆောင်ရွက်ရ မည်။

၁၂။ စာရင်းပိုထုတ်ချေးငွေတစ်ရပ်အား စာရင်းရှင်းလင်းခြင်း/ အပြည့်အဝ ပြန်လည်ပေးဆပ်ခြင်း မပြုရသေးပါက အဆိုပါချေးငွေအား စည်းမျဉ်းအပိုဒ် ၅ ပါ သတ်မှတ်ချက်နှင့်အညီ ချေးငွေအမျိုး အစားကို ချက်ချင်းပြင်ဆင်သတ်မှတ်ရမည်။

**ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများအား ပြန်လည်ပေးဆပ်ရန်ကာလ တိုးမြှင့်ပြင်ဆင်ခွင့်ပြုခြင်း**

၁၃။ ဘဏ်သည် အရင်းနှင့်အတိုး ပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေအား ပြန်လည်ပေးဆပ်ရန် ကာလတိုးမြှင့်ပြင်ဆင်ခွင့်ပြုရာတွင် ထိုချေးငွေများအား မူလချေးငွေ အမျိုးအစားသတ်မှတ်ချက် အတိုင်း ဆက်လက်သတ်မှတ်ရမည်။

၁၄။ ဘဏ်သည် ပြန်လည်ပေးဆပ်ရန်ကာလ တိုးမြှင့်ပြင်ဆင်ခွင့်ပြုထားသည့် ချေးငွေ၏ ချေးငွေ အရင်းနှင့် အတိုးပြန်လည်ပေးဆပ်မှုအား တစ်ဆက်တည်း ခြောက်လဆက်တိုက်ရရှိပါက အဆိုပါ ချေးငွေအား အမျိုးအစားပြန်လည်သတ်မှတ်နိုင်သည်။

**အရင်းနှင့်အတိုးပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေများအား အမျိုးအစားပြန်လည်သတ်မှတ်ခြင်း**

၁၅။ အရင်းနှင့်အတိုး ပေးဆပ်ရန်ပျက်ကွက်သည့်ချေးငွေမှ အရင်း သို့မဟုတ် အတိုးငွေများ အားလုံးကို ပြန်လည်ပေးဆပ်ပြီးပါက ဘဏ်သည် ချေးငွေအား ပုံမှန်ချေးငွေအဖြစ် ပြန်လည် သတ်မှတ်နိုင်သည်။ သို့ရာတွင် ပြန်လည်ပေးဆပ်သည့်ငွေများသည် ယင်းဘဏ်မှ ချေးငွေအသစ် သို့မဟုတ် ကြွေးမြီနည်းလမ်းများမှ ရရှိသည့်ငွေများမဖြစ်စေရ။

**အထွေထွေ**

၁၆။ ဘဏ်များသည် ဆုံးရှုံးရန်အလားအလာရှိသော ချေးငွေများအား အကဲဖြတ်ခြင်းနှင့် ချေးငွေ ဆုံးရှုံးမှုများအား လုံလောက်သောလျာထားမှုပြုရန်အတွက် စာရင်းရေးသွင်းချက်များကို အထောက် အကူဖြစ်စေမည့် မှတ်တမ်းများအား ပြည့်စုံစွာ ထိန်းသိမ်းထားရှိရမည်။

၁၇။ ဤစည်းမျဉ်းသည် ချေးငွေများအား အမျိုးအစားသတ်မှတ်ခြင်းနှင့် လျာထားခြင်းတို့နှင့် စပ်လျဉ်း၍ အနိမ့်ဆုံးလိုက်နာရန် သတ်မှတ်ချက်များ ချမှတ်ပေးခြင်းဖြစ်သည်။ ဘဏ်များသည် အဆိုပါသတ်မှတ်ချက်များထက် ပို၍တင်းကြပ်သောစံနှုန်းကို ချမှတ်နိုင်သည်။

၁၈။ ဤစည်းမျဉ်းအား လိုက်နာရန်ပျက်ကွက်ပါက ဘဏ်သည် စည်းမျဉ်းအားဖောက်ဖျက်သည့် အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၉၄ နှင့် ၉၆ ပါဘဏ်အား ပြန်လည် တည့်မတ်စေရန် အရေးယူဆောင်ရွက်ခြင်းနှင့် အဆိုပါဥပဒေ ပုဒ်မ ၁၅၄ ပါ စီမံခန့်ခွဲရေးနည်းလမ်း အရ အရေးယူခြင်းခံရမည်။

၁၉။ အောက်ဖော်ပြပါညွှန်ကြားချက်နှင့် အမှာစာများအား ဤစည်းမျဉ်းဖြင့် ပယ်ဖျက်လိုက်သည်-

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၃၁-၈-၁၉၉၅ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည့် ညွှန်ကြား ချက်အမှတ် ၆၊ နှင့်

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၁-၁၂-၂၀၁၆ ရက်စွဲပါ အမှာစာအမှတ်၊ မဗဘ-၁/ ၁၁၁(FIS)/(၁၉၀၃/၂၀၁၆)။

၂၀။ ဤစည်းမျဉ်းသည် ထုတ်ပြန်သည့်နေ့မှစ၍ ခြောက်လအတွင်း အကျိုးသက်ရောက်စေရမည်။ သို့သော် ဘဏ်များသည် သီးခြားလျာထားမှုပြုရာတွင် လျော့နည်းမှုရှိပါက အဆိုပါလျော့နည်းမှုကို ဤစည်းမျဉ်းထုတ်ပြန်သည့်နေ့မှ သုံးနှစ်အတွင်း အညီအမျှခွဲဝေလျာထားရမည်။

(ပုံ) ကျော်ကျော်မောင်
ဥက္ကဋ္ဌ

## အာမခံပစ္စည်းများအပေါ် တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ

ဤစည်းမျဉ်းအပိုဒ် ၆ နှင့်စပ်လျဉ်း၍-

(က) အရင်းနှင့်အတိုး ပေးဆပ်ရန်ပျက်ကွက်သော ချေးငွေအဖြစ်သတ်မှတ်ပြီးပါက အာမခံပစ္စည်းအမျိုးအစားအပေါ်လိုက်၍ ပြောင်းလဲခြင်းမပြုရ။

(ခ) အရင်းနှင့်အတိုး ပေးဆပ်ရန်ပျက်ကွက်သောချေးငွေတစ်ရပ်ရပ်အတွက် ထားရှိသောငွေသားအာမခံကို သီးသန့်လျာထားခြင်းမပြုမီ နုတ်ပယ်ရမည်။

(ဂ) အိမ်၊ ခြံ၊ မြေပိုင်ဆိုင်ပစ္စည်းအပေါ် တန်ဖိုးသတ်မှတ်ခြင်း

(၁) တရားရုံးတွင် တရားစွဲဆိုပါက အမှုမပြီးပြတ်သေးလျှင် အတင်းအကြပ်ရောင်းဈေး (Forced Sale Value) ကို အသုံးပြုရန်။

(၂) လေလံတင်ရောင်းချမှုပြုလုပ်ဆဲဖြစ်ပြီး သီးသန့်ဈေးနှုန်း (Reserve Price) သတ်မှတ်ထားပါက ထိုသီးသန့်ဈေးနှုန်းကို အသုံးပြုရန်။

(၃) လေလံတင်ပွဲပျက်ပြယ်သွားပါလျှင် အတင်းအကြပ်ရောင်းဈေးသည် သီးသန့်ဈေးနှုန်း (Reserve Price) ထက်နည်းပါက၊ ၎င်းအပြင် သီးသန့်ဈေးနှုန်းအသစ်မရှိပါက အတင်းအကြပ်ရောင်းဈေးကိုအသုံးပြုရန်။

(၄) ပျက်ပြယ်သွားသောလေလံမှ သီးသန့်ဈေးနှုန်းသည် အတင်းအကြပ်ရောင်းဈေးအပေါ်အခြေခံပါက၊ ၎င်းအပြင် သီးသန့်ဈေးနှုန်းအသစ်မရှိပါက၊ ပျက်ပြယ်သွားသောလေလံမှ သီးသန့်ဈေးနှုန်းအပေါ် ၁၀% လျှော့ချပြီး အသုံးပြုရန်။

မှတ်ချက်။ ။ အတင်းအကြပ်ရောင်းဈေးမှာ ကျွမ်းကျင်၍ အရည်အချင်းပြည့်သည့် တန်ဖိုးဖြတ်သူများ၏ တန်ဖိုးဖြတ်ချက်အရဖြစ်ပါသည်။

(ဃ) ဒီဘင်ချာ- ဒီဘင်ချာအား လွှတ်လပ်သောလက်ခံရရှိသူ/ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ/ စာရင်းစစ်/ ကျွမ်းကျင်သော တန်ဖိုးဖြတ်သူတို့၏ အသိအမှတ်ပြုခြင်းမရှိဘဲ တန်ဖိုးသတ်မှတ်ခြင်းမပြုရ။

(င) ဘဏ်စာအုပ်ရှိကြွေးမြီတန်ဖိုး- ကြွေးမြီများသည် ဖော်ပြထားသည့်အတိုင်း တန်ဖိုးရှိကြောင်း ဘဏ်ကသက်သေပြနိုင်မှသာ ထိုကြွေးမြီတန်ဖိုးအားအသုံးပြုရန်၊ သက်သေမပြနိုင်ပါက အသုံးမပြုရန်။

(စ) အစုရှယ်ယာများအား လက်ရောက်အပေါင်ပြုလုပ်ခြင်း

(၁) ဝယ်ဈေး၊ ရောင်းဈေး သတ်မှတ်ဖော်ပြထားသော ရှယ်ယာများ (Quoted Share)- နောက်ဆုံးဈေးကွက် ဈေးနှုန်းအသုံးပြုရန်။

(၂) ဝယ်ဈေး၊ ရောင်းဈေး သတ်မှတ်ဖော်ပြထားခြင်းမရှိသော ရှယ်ယာများ (Unquoted Share)- ဈေးကွက်အခြေအနေ စမ်းသပ်စစ်ဆေးချက်ရှိမှသာ တန်ဖိုးဖြတ်ရန်၊ ဈေးကွက်ဝင်မှုအနေအထား ကိစ္စရပ်တစ်ခုချင်းအပေါ် အခြေခံ၍ စဉ်းစားရန်၊ အကယ်၍ ရှယ်ယာများသည် ဈေးကွက်တင်ရောင်းဝယ်နိုင်လျှင် တန်ဖိုးဖြတ်မှုကို ရှယ်ယာတစ်ခုချင်းအလိုက် အသားတင်ရပိုင်ခွင့်ကို အသုံးပြုရန်။

(ဆ) စက်ရုံ၊ စက်ပစ္စည်းနှင့် စက်ကိရိယာများ - နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် ကျွမ်းကျင်၍ အရည်အချင်းပြည့်သည့် တန်ဖိုးဖြတ်သူ၏ တန်ဖိုးဖြတ်ချက်မရှိလျှင် ရယူခဲ့သည့် ဈေးနှုန်းပေါ်တွင် နှစ်စဉ်ပုံသေ ၂၀% တန်ဖိုးလျှော့နည်းစနစ်ဖြင့် တွက်ချက်ရရှိသည့် အသားတင်စာအုပ်ရှိကြွေးမြီတန်ဖိုးကို အသုံးပြုရန်။

(ဇ) အာမခံများ

(၁) လူပုဂ္ဂိုလ် သို့မဟုတ် အစုအဖွဲ့ - တန်ဖိုးမရှိပါ

(၂) ဘဏ်များ - တန်ဖိုးမရှိပါ

(ခြွင်းချက်- ချေးငွေအဆင့် AA သို့မဟုတ် ယင်းနှင့် ညီမျှသည့်အဆင့်နှင့် အထက်ရှိသည့် ဘဏ်ကထုတ်ပေးသည့် ဘဏ်အာမခံအား ကိစ္စရပ်တစ်ခုချင်းအလိုက် စဉ်းစားရန်)

(၃) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ - တန်ဖိုးအပြည့်

(ဈ) အခြားသော အာမခံပစ္စည်းများအားလုံးအတွက် ဘဏ်၏ ချေးငွေဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဝါဒအရ ကိစ္စရပ်တစ်ခုချင်းအလိုက် စဉ်းစားရန်။

# The Republic of the Union of Myanmar

# Central Bank of Myanmar

# Notification No. (17/2017)

# 14th Waxing Day of Waso 1379 ME

# July 7, 2017

---------------------------------------------

In exercise of the powers conferred under Section 39 and 184 of the Financial Institutions Law, the Central Bank of Myanmar hereby issues the following Regulations:

1. These Regulations shall be called Asset Classification and Provisioning Regulations.

2. These Regulations shall apply to all banks.

**Definition**

3. The expressions contained in these Regulations are to have same meaning in the Financial Institutions Law. Moreover, the following expressions shall have the meanings given hereunder:

(a) "Loans" means debt extended by the banks under repayment terms and conditions with prescribed term. "Advances" means cash advances allowed by the banks to repay within one year."Loans and advances" includes any loan, discount, advance, overdraft, export bills purchased, other bills receivable or purchased, import bills, a customer's liability on acceptances or any other credit facilities, and all off-balance sheet items;

(b) "other assets" means assets other than loans and advances including receivables, investments, accrued interests and any other assets.

(c) "day past due" means the number of days passed since a mandatory date of payment including principal and interest payments or interest payments alone;

(d) "non-performing" means a loan or advance that is no longer generating income and which is classified doubtful or loss;

(e) "rescheduling" in relation to a loan or advance means the modification of the terms of the loan or advance intended to induce repayment.

4. A bank shall make adequate provisions for impairment of loans, advances and other assets on and off-balance sheet whenever the impairment occurs. The specific provisions for the impairment is to be made against all outstanding balance (principle and interest) of the loans and advances, not just the past due portion.

**Classification of loans and advances and specific provisions**

5. A bank shall classify and make specific provisions in the following manner:

| Sr. No. | Classification of loans/ advances | Days past due | Provisions on shortfall in security value |
|---|---|---|---|
| (a) | Standard | 30 days past due | 0% |
| (b) | Watch | 31 to 60 days past due | 5% |
| (c) | Substandard | 61 to 90 days past due | 25% |
| (d) | Doubtful | 91 to 180 days past due | 50% |
| (e) | Loss | Over 180 days past due | 100% |

6. For the purposes of paragraph 5, valuation of the securities and provisioning for any other assets shall be in accordance with annexure.

**Specific Provisions**

7. The specific provision shall be recorded in the bank's accounts and charged to the profit and loss account in the month in which it occurs and shall not be spread over future periods except as allowed under paragraph 20.

**General Provisions**

8. Banks are required to maintain general loan loss reserve by making general provisions up to 2% of total outstanding loans and advances.

**Treatment of interest**

9. All interest accrued (but uncollected) from the date a loan or advance is classified as doubtful shall be suspended and any interest already accrued shall be reversed.

10. Interest earned on loans and advances which are classified as doubtful or loss shall only be recognized as income when the interest has been collected by the bank.

**Treatment of overdraft**

11. A bank shall ensure that all overdraft loans in its books are cleared/ paid in full for a period of two consecutive weeks annually.

12. If an overdraft loan is not cleared/paid in full, such loan must be immediately classified in accordance with paragraph 5.

**Rescheduling of Loans and Advances**

13. A bank may reschedule a non-performing loan provided that the rescheduled loan remains classified in the same category.

14. A bank may reclassify the rescheduled loan if, the borrowers has complied with the terms of rescheduled loan for 6 consecutive months.

**Reclassification of Non-Performing Loans**

15. Upon full settlement of all arrears in interest or principal, the bank may reclassify the loan as a performing loan: Provided that the funds for the repayment of the arrears are not obtained from the creation of new loans or debt instruments from the same bank.

**General**

16. Banks shall maintain adequate records supporting their evaluations of potential loan losses and the entries made to ensure adequacy of the provisioning for loan losses.

17. These Regulations set out the minimum requirements in respect of classification and provisioning of loans and advances. Banks may adopt a more stringent standard.

18. Failure to comply with these Regulations constitute a violation and is subject to corrective actions or sanctions as may be imposed under section 94 and 96 of the Financial Institutions Law and administrative penalties under section 154 of the said Law.

19. The following instruction and memorandum are hereby repealed:
   (a) Central Bank of Myanmar Instruction No.6 dated August 31, 1995; and
   (b) Memorandum Letter Number MaBaBa-1/111(FIS)/(1903/2016) dated December 21, 2016.

20. These Regulations shall come into effect six months from the date of these Regulations. However, banks can stagger the shortfall in the specific provisioning in equal amounts over a period of three years from the date of these Regulation.

Sd./ xxxxxxxxxx
(Kyaw Kyaw Maung)
Governor

**Annexure**

**Criteria for valuation of Security/Collateral**

In relation to paragraph 6 of these regulations:

(a) The past due status for non-performing loan is not changed based on the value of the security.

(b) In regards to cash collateral, the amount of cash security can be deducted from the outstanding balance of the loan before specific provisions are calculated.

(c) Charge/Lienholder's caveat over real estate property-
    (1) Where court proceeding are not yet instituted, forced sale value (FSV) is used.
    (2) Where auction is pending and reserve price (RP) has been fixed, RP is to be used.
    (3) Where auction has been aborted and FSV of the property is lower than RP, and in the absence of new PR, FSV is to be used.
    (4) Where aborted RP is based on FSV, and in the absence of new RP, a 10% discount should be made on the aborted RP.
    Note: the FSV should be as valued by independent professional valuers.

(d) Debenture - No value can be given unless it is certified by an independent receiver/ liquidator/ auditor/professional valuer.

(e) Assignment of book debts - No value can be given unless the bank can prove that the debtors are worth the value quoted.

(f) Pledge of shares
    (1) Quoted - The latest market price
    (2) Unquoted -Value may be given provided the test of marketability is met. The condition of marketability would be considered based on the merit of each case. If it can be demonstrated that the shares are marketable, the basis of valuation applied should be the net tangible asset per share.

(g) Plant, machinery and equipment - In the absence of internationally recognized professional valuation, the net book value would be applicable using a 20% depreciation rate on a straight-line on the acquisition price.

(h) Guarantees

| | | |
|---|---|---|
| (1) | Personal or corporate | - No value |
| (2) | Banks | - No value<br>(Exception: the guarantor bank which has credit rating AA or equivalent and above may be considered on a case-by-case basis.) |
| (3) | Government of Myanmar | - Full value |

(i) All other collateral to be considered on a case-by-case basis according to credit risk management policy of the bank.